ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-9-2004) (၄၃၄၃)

သမဏာနဉ္စ ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် **General Chaisit Shinawatra** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် **General Chaisit Shinawatra** နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁-၉-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဝန်ကြီးဌာနအလိုက် တက်ညီလက်ညီဆောင်ရွက်

မျက်မှောက်ကာလတွင် နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နိုင်ငံတကာ စီးပွားရေးအခြေအနေပြောင်းလဲမှုများသည် လွန်စွာလျင်မြန်ပြီး ဂယက်ရိုက်ခတ်မှုများမှာလည်း ကျယ်ပြန့်လျက်ရှိနေသည်ကို တွေ့မြင်ရသည်။

ယင်းသို့သော အချိန်ကာလတွင် မိတ်ဆွေအိမ်နီးချင်း နိုင်ငံအချင်းချင်း ခိုင်မာသည့်စီးပွားရေး၊ ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်ထားရန် လိုအပ်ပေသည်။ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ကုန်သွယ်ရေးကဏ္ဍသာမက ကုန်ထုတ်လုပ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းစသည့်ကဏ္ဍစုံတို့တွင် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပါအဝင် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များနှင့်အတူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ တိုးပွားဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သည့် နိုင်ငံတော်အဆင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် ဇူလိုင်လ ၁၁ရက်နေ့မှ၁၈ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မြန်မာ–တရုတ် နှစ်နိုင်ငံချုပ်ဆိုထားသော သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ပေါ်ဖြစ်ထွန်းလာရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၇ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ **မြန်မာ–တရုတ် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ အမြန်ဆုံးအကောင်အထည်ပေါ်ဖြစ်ထွန်းစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်** ဆွေးနွေးမှာကြားသွားသည်။

ယခုအခါ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးတို့က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ကလည်း လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် တည်နေရာအနေအထားအရ တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်စပ်ပေးနိုင်သည့် မဟာဗျူဟာကျသော ဒေသဖြစ်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ အချင်းချင်း ကူးသန်းသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းရေးတို့အတွက် ပံ့ပိုးပေးနိုင်သည့် အခြေအနေကောင်းများ ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရင်း မြန်မာ–တရုတ် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ အမြန်ဆုံးအကောင်အထည်ပေါ်ဖြစ်ထွန်းရေးအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက် ကြပြီး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasan Nakpunတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာဦးသိန်းဦးဘိုးစော၊ ဗိုလ်ချုပ်အောင်သိမ်းတို့ တက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယ ညွှန်ကြားရေးမှူးများလည်း တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသားညီလာခံပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများပြုစုခြင်း၊ စိစစ်ခြင်းများကို ဆက်လက်ပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ခုနှစ် စက်တင်ဘာ ၁ရက်၌ ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆိုဒစ်၊ ဆာဖာယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၄ခုနှစ် ဩဂုတ် ၂၅ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံ သံအမတ်ကြီးများက ယင်းနေ့တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ (သတင်းစဉ်)

ငါသည်မြန်မာ

☆ ခက်ခဲကြုံရန်၊ တမင်ဖန်၍
တစ်ဖန်ပြန်ပြီး၊ ဖန်တီးပုံသွင်
ကယ်တင်ရှင်အလား၊ ပြုမူသွားလျက်
လူသားချင်းချင်း၊ လှည့်ပတ်ခြင်းဖြင့်
ယုံသွင်းစိုးမိုး၊ ထိုလူမျိုးကို
အားကိုးသမှု၊ သွား၍ပြုလျှင်
လူမှုဒုက္ခ၊ ဝိုင်းရုံခလိမ့်။

☆ ကြုံလာခက်ခဲ၊ ဘယ်လောက်သည်းငြား
သူတစ်ပါး၏၊ လှည့်စားယုံသွင်း
ဒုက္ခတွင်းကို၊ မဆင်းရှောင်လွှဲ
ငါပဲပိုင်ပိုင်၊ ဖြေရှင်းနိုင်မှ
ငါ့ဘဝသည်၊ လူပီပီဖြင့်
ခိုင်ကျည်လွတ်လပ်၊ ဂုဏ်ဒြပ်နှင့်
မပြတ်ရပ်တည်၊ ရှိနိုင်မည်ကို
ယုံကြည်စိတ်စွဲ၊ သတ္တိခွဲဖြင့်
အမြဲငါလုပ်သွားမည် ဖြစ်သတည်း။ ။

မျိုးလွှား

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhrakaosal နှင့် စစ်သံမှူး Colonel Kasan Nakpun တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံရာတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာကန္တီကျောင်းတိုက် နေ့ဆွမ်းလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၃၁

မြန်မာကန္တီ ကျောင်းတိုက်များ၏ ပဓာနနာယက ကမ္ဘာ့သာသနာပြု ဆရာတော် ဘဒ္ဒန္တသုမနသာဂရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ မြန်မာကန္တီကျောင်းတိုက်ကြီးတွင် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဝါဆိုသံဃာတော်များနှင့် ယောဂီဥပုသ်သည်များအား ဥပဋ္ဌာကအဖွဲ့က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းလျက်ရှိပြီး ဦးခမ္မိသရ (သာသနာ့ဓဇဓမ္မာစရိယ တက္ကသီလဓမ္မာစရိယ (B.A) ကမ္မဋ္ဌာနာစရိယ က ကမ္မဋ္ဌာန်းတရား ဟောကြားပြသပေးလျက်ရှိရာ ကုသိုလ်ပြုလှူဒါန်းလိုပါက ကျောင်းတိုက် ဖုန်း– ၅၉၃၃၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၁၅ ၈။ ရွှေလီတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ ကြံခိုင်ကျန်းမာပြည်မြန်မာ
၅:၅၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၆:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၁၅ ၁၁။ Discovery
၆:၂၀ ၁၂။ သက်တံရောင်သံစဉ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
၇:၂၀ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၇:၂၅ ၁၇။ တေးဂီတအစီအစဉ်
၇:၄၀ ၁၈။ မြေဆီလည်းမပျက်သီးနှံလည်းအထွက်တိုးစေမှာ ဒေသထွက်မြေဩဇာ
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **ကောဒသမအကြိမ် (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာနေက္ခမဇာတ်တော်ကြီး" (ရုပ်သေးပြိုင်ပွဲ) (ဒုတိယဆု) (ရန်ကုန်တိုင်း)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

အိုင်ဒီယာမဂ္ဂဇင်း စက်တင်ဘာလထုတ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၁

ဆရာဦးခင်မောင် ပြောပြခဲ့သော ယနေ့ပန်းချီ ယူကီကိုကြည့်၏ Beauty Salon အချို့မှ Ideaများ၊ ရုပ်သိမ်း၏ ကြည့်တတ်မှလှမယ်၊ တာရာမင်းဝေ၏ လူနှင့်ပုဏ္ဏာအတွေး၊ ဖေမြင့်၏ ပရဟိတသမား တောမတ်(စ်)ကင်နန်အပါအဝင်၊ မောင်စူးစမ်း၊ ဒေါက်တာကျော်စိန်၊ မောင်ဆုရှင်၊ စိုးသိဏ်း၊ သစ်နေ၊ မြတ်ထွဋ်ညွန့်၊ နေဝင်းမြင့်၊ မြတ်ခိုင်၊လွန်းထားထား၊ မင်းခိုက်စိုးစံ၊ အံ့ဘွယ်၊ ကံချွန်၊ ဇေရတ်၊ တင်လတ်သန္တာဗိုလ်၊ သျှီသူအောင်၊ အောင်ရင်ငြိမ်း၊ ဟိန်းမြတ်ဇော်၊ ခန့်မင်းထက်တို့၏ လောကနှင့်ဘဝအလှ၊ ရသဇေဒများ ထင်ဟပ်ရေးဖွဲ့ထားသော ဆောင်းပါး ဝတ္ထု၊ ကဗျာများဖြင့် ၂၀၀၄ခုနှစ် စက်တင်ဘာလထုတ် Idea မဂ္ဂဇင်းကို အမှတ်(၁၂၇)မြေညီထပ်၄၃လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

အမေရိကန် စီးပွားရေး ဆိုးရွားလာမှု ဘုရှ် မဖြေရှင်းနိုင် ဒီမိုကရက်တစ်သမ္မတလောင်း ကယ်ရီ ဝေဖန်

ဆီးတဲလ် ဩဂုတ် ၂၉

အမေရိကန်ပြည်ထောင်စုတွင် အလုပ်အကိုင်နေရာများ ဆုံးရှုံးရမှု၊ စီးပွားရေး တိုးတက်မှုနှုန်း နှောင့်နှေးမှုနှင့် တစ်စတစ်စ ဆိုးရွားလာနေသည့် ဆင်းရဲမွဲတေမှု ပြဿနာများကို ဘုရှ်အစိုးရက ဖြေရှင်းနိုင်စွမ်းမရှိကြောင်း ဂျွန်ကယ်ရီက စနေနေ့တွင် ပြောကြားကာ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အား အရှိန်မြှင့်၍ တိုက်ခိုက်ဝေဖန်လိုက်သည်။

ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သူ ဂျွန်ကယ်ရီက ရက်သတ္တတစ်ပတ်ကြာ ခရီးစဉ် ပြီးဆုံးခဲ့စဉ် ဖော်ပြပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းခရီးစဉ်အတွင်း ဂျွန်ကယ်ရီသည် ၎င်း၏ ဒီမိုကရက်တစ်ပါတီအတွက် ဒေါ်လာသန်းချီ၍ ရန်ပုံငွေ ရရှိသည်။

လွန်ခဲ့သည့် ၄၁နှစ်က မာတင်လူသာကင်းက တစ်နေ့နေ့တစ်ချိန်ချိန်တွင် အမေရိကန်နိုင်ငံသားများ အနေဖြင့် မဟာနိုင်ငံကြီးဖြစ်စေမည့် အခွင့်အရေး ရရှိနိုင်လိမ့်မည်ဟု စိတ်ကူးယဉ်အိပ်မက် မက်ခဲ့သည်ကို မိမိတို့အား ပြောကြားခဲ့ဖူးကြောင်း ကယ်ရီက ပြောကြားသည်။ ယင်းကြေညာချက်ကို ဆီးတဲလ်ဒေသ လူထုစည်းဝေးပွဲ မတိုင်မီက ကြိုတင်ဖြန့်ချိခဲ့သည်။

ဒုတိယသမ္မတ ရာထူးနေရာအတွက် ယှဉ်ပြိုင်မည့် ဂျွန်အက်ဒွပ်နှင့် မိမိတို့သည် တူညီသည့် စိတ်ကူးယဉ်အိပ်မက်ကို အတူတူမက်ဖူးသူများဖြစ်ပြီး ယင်းအိပ်မက်စိတ်ကူးအား လက်တွေ့ဖြစ်စေရန် ဖော်ဆောင်လိုကြကြောင်း၊ မိမိတို့နှစ်ဦး အမေရိကန်ပြည်ထောင်စု အင်အားခိုင်မာတောင့်တင်းပြီး ကမ္ဘာတစ်ဝန်းက လေးစားသည့်နိုင်ငံ ဖြစ်စေရန် တည်ဆောက်နိုင်ကြကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

လေးနှစ်တိုင် လုပ်ငန်းများ ဆုံးရှုံးမှု၊ လုပ်ခဝင်ငွေ နည်းပါးမှု၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်မြင့်မားမှု၊ ငွေကုန်ကြေးကျများသည့် ပညာသင်ကြားမှုနှင့် အခွန်အကောက်ဖြတ်တောက်မှုတို့သည် မိမိတို့ကို အကောင်းဆုံးဖြစ်စေသည့် လုပ်ငန်းများဟု မိမိတို့ ယုံကြည်မှုမရှိကြကြောင်း ကယ်ရီက ဆက်လက်ပြောကြားသည်။ မိမိသည် အထူးအကျိုးအမြတ်များ ရရှိစေရန် ဆောင်ကြဉ်းပေးမည့် စီးပွားရေးတစ်ရပ်ကို လိုလားသလော၊ သို့တည်းမဟုတ် အလယ်အလတ်လွှာ မိသားစုများ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးတစ်ရပ်ကို လိုလားသလော ဆိုသည့် ရွေးချယ်မှုများ ရှိနေကြောင်း ၎င်းက ပြောကြားသည်။

ဂျွန်ကယ်ရီက သမ္မတဘုရှ်အား ဝေဖန်တိုက်ခိုက်မှုအရှိန်အဟုန်မြှင့်တင်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးသည် ဒုတိယသုံးလပတ်ကာလအတွင်း နှစ်စဉ်နှုန်းထားအားဖြင့် ၂ ဒသမ ၈ တိုးမြင့်လာခဲ့ပြီး လွန်ခဲ့သည့်ကာလ ခန့်မှန်းထားသည့်အောက် ၃ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်ကာ ၂၀၀၄ ခုနှစ် ပထမသုံးလပတ် ကာလအောက် ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့ခဲ့ခြင်းဖြစ်ကြောင်း ကုန်သွယ်မှုဌာနက သောကြာနေ့တွင် ကြေညာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ကို တိုက်ခိုက်ပြီးနောက် အနားယူနေကြသော ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်နိုင်ငံတောင်ပိုင်း ရေနံပိုက်လိုင်း တိုက်ခိုက်ခံရ

ဘာဆာရာ(အီရတ်) ဩဂုတ် ၃၀

အီရတ်နိုင်ငံ၏ အရေးပါသည့် ရေနံလုပ်ငန်းကို ပစ်မှတ်ထားသည့် မကြာသေးမီက တိုက်ခိုက်မှုတစ်ရပ်အနေဖြင့် အီရတ်တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ တောင်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်းကို တနင်္ဂနွေနေ့က ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ရေနံလုပ်ငန်းမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဘာဆာရာမြို့ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ အယ်လ်ရက်ဒါမြို့တွင် ဖောက်ခွဲတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အီရတ်နိုင်ငံတောင်ပိုင်း ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မီးလောင်

ရူမေလာ ရေနံတွင်းများနှင့် ဖောကျွန်းဆွယ်ရှိ ရေနံသိုလှောင်ကန်များ ဆက်သွယ်ထားသည့် အဆိုပါရေနံပိုက်လိုင်းမှာ တိုက်ခိုက်ခံရပြီးနောက် မီးလောင်ပျက်စီးခဲ့ရပြီး အရေးပေါ် ဝန်ထမ်းများက မီးကိုငြိမ်းသတ်နေကြောင်း ၎င်းက ပြောကြားသည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ကြားဖြတ်အစိုးရနှင့် ပြန်လည်တည်ဆောက်ရေး အားထုတ်မှုများ ပျက်ပြားစေရန် အီရတ်နိုင်ငံ၏ အလွန်အရေးပါသည့် ရေနံလုပ်ငန်းကို မကြာခဏ တိုက်ခိုက်လေ့ရှိသည်။

စနေနေ့ကလည်း ဘာဆာရာမြို့ အနောက်ဘက် မိုင် ၉၀ ခန့်အကွာရှိ ရေနံမြေမှ အခြားရေနံပိုက်လိုင်းတစ်လိုင်းကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဖောက်ခွဲဖျက်ဆီးခဲ့ရာ မီးလောင်ကျွမ်းခဲ့ရသည်။ သို့ရာတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏လက်ချက် ဟုတ်၊မဟုတ်ကို ရေနံလုပ်ငန်း တာဝန်ရှိပုဂ္ဂိုလ်များက အတည်ပြုပြောကြားခြင်း မရှိပေ။

အင်တာနက်။

မိုဆူးလ်မြို့တွင် အီရတ်ခုခံရေးသမားများနှင့် အမေရိကန်တို့ အပြန်အလှန်ပစ်ခတ်

မိုဆူးလ် ဩဂုတ် ၃၀

အီရတ်နိုင်ငံ မြောက်ပိုင်း၌ တနင်္ဂနွေနေ့က အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့တို့အကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားမှုကြောင့် ခုခံရေးသမားနှစ်ဦး သေဆုံးသွားပြီး အရပ်သူ၊ အရပ်သား ၃၄ ဦးတို့ ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်သတင်းများက ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင် အထိအခိုက်စာရင်းကို မသိရှိရသေးဟု ဆိုသည်။

မိုဆူးလ်မြို့၏အနောက်ဘက် မိုင် ၃၀ အကွာ တာလ်အာဖာအရပ်တွင် အမေရိကန်တပ်ဖွဲ့များ တိုက်ကင်းလှည့်နေစဉ် အရဏ်မတက်မီအချိန်၌ နှစ်ကြိမ်တိတိ အတိုက်ခံခဲ့ရကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးအင်ဂျလာဆိုမင်က ပြောကြားသည်။ တိုက်ခိုက်မှု နှစ်ခုစလုံးတွင် အမေရိကန်တိုက်ကင်းအဖွဲ့က ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ရာ ခုခံရေးသမားနှစ်ဦး သေဆုံးသွားကြသည်ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဆိုသည်။

တာလ်အာဖာဆေးရုံမှ ဆရာဝန်တစ်ဦး၏ အဆိုအရ အရပ်သူ၊ အရပ်သား ၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းအနက် ၂၆ ဦးမှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြသည်ဟု ဆိုသည်။ ထိုလူများသည် ပေါက်ကွဲလွင့်စင်လာသော အပိုင်းအစများ၊ မှန်ကွဲအစအနများ ထိမှန်သည့်အတွက် ဒဏ်ရာရရှိကြခြင်းဖြစ်သည်။ လူအများအပြားမှာ ပူပြင်းသော အီရတ်နိုင်ငံ၏ နွေရာသီအပူဒဏ်ကို ရှောင်လိုသည့်အတွက် အိမ်ခေါင်မိုးများပေါ်တွင် တက်၍အိပ်ကြရာမှ ယခုကဲ့သို့ ဒဏ်ရာရရှိကြရခြင်းဖြစ်၏။

ခုခံရေးသမားများသည် နံနက် ၃ နာရီခန့်တွင် အမေရိကန်တပ်ဖွဲ့ကို လောင်ချာဗုံးသီးရှစ်လုံးဖြင့် ပစ်ခတ်ခဲ့သည့်အနက် ခုနစ်လုံးမှာ အနီးရှိ ဝတ်ကျောင်းအတွင်းမှ ပစ်ခြင်းဖြစ်ကြောင်း စစ်ဘက်က ဆိုသည်။ ပြောက်ကျားများသည် နောက် ၃ နာရီခန့်အကြာတွင် ဝတ်ကျောင်းအတွင်း မှပင် ထပ်မံ တိုက်ခိုက်ကြပြန်သည်။ ယခုတစ်ကြိမ်တိုက်ခိုက်ရာ၌ ပြန်လည်ပစ်ခတ်မှုကြောင့် ပြောက်ကျားနှစ်ဦး ထိမှန်သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုရှေ့တွင် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ခြင်းမပြုရန် တောင်းဆို ဆန္ဒပြနေသူများအား ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အဆုံးစီရင်သွား

မာရီမက် ဩဂုတ် ၃၀

အမေရိကန် နယူးဟမ်ရှိုင်းယားပြည်နယ် အမျိုးသား လေတပ်အစောင့်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေးဗစ်ဂွင်ဒွန်သည် အီရတ်နိုင်ငံသို့ ခြောက်လကြာသွားရောက်ခဲ့ပြီးနောက် ဌာနေသို့ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ဩဂုတ် ၁၈ရက်က မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့ရာ အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သူ ယင်းတပ်ဖွဲ့မှ ပထမဆုံး သေကြောင်းကြံစည်မှုဖြစ်ကြောင်း အဆိုပါ လေတပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆန်းဒေးနယူးစ် သတင်းစာအား ပြောကြားသည်။

= သိရှိထား =

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးအနေဖြင့် တစ်နှစ်အတွင်း မိမိကိုယ်မိမိသေကြောင်း ကြံစည်မှုဟု မိမိတို့သိရှိထားကြောင်း အဆိုပါ လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဂါရီပိုမီရှိုင်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်မှုနှင့် ဆက်စပ်နေသည့် ကာလအတိုင်းအတာကို ဆုံးဖြတ်သတ်မှတ်ရဦးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

= မတွေ့ရ =

မိမိကိုယ်မိမိ သေကြောင်းကြံစည်သည်ဟု ရေးသားဖော်ပြထားသည့်စာကို မတွေ့ရကြောင်း မာရီမက်ဒေသ ဒုတိယရဲတပ်ဖွဲ့မှူး ပေါလ်စတေဗင်ဂျာက လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားသည်။

အာဏာပိုင်များက ဂွင်ဒွန်သေဆုံးမှုနှင့် ဆက်စပ်မှုရှိသည့် သတင်းများကို လေ့လာနေကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းသေနတ်ဖြင့်ပစ်ကာ သေကြောင်းကြံစည်မှု ပြုလုပ်ခြင်းနှင့် ပတ်သက်၍ အမြင်ရှင်းလင်းအောင် မိမိတို့ စုံစမ်းဖော်ထုတ်မည်ဖြစ်ကြောင်း စတေဗင်ဂျာက ဆက်လက်ပြောကြား သည်။

= မသိရှိ =

ပြောရေးဆိုခွင့်ရှိသူ ဂါရီပိုမီရှိုင်းက အမေရိကန်တပ်ဖွဲ့ဝင် သေကြောင်းကြံသည့်ဖြစ်ရပ်၊ သို့တည်းမဟုတ် ယင်းသတင်း၏ သဘောသဘာဝကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိဟုဆိုသည်။ မိမိတို့အနေဖြင့် ဂွင်ဒွန်ကိုယ့်ကိုယ်ကို ပစ်သတ်ခဲ့မှု အဘယ်ကြောင့် ပြုလုပ်ခဲ့သည်ကို မသိရှိဟု သေချာပေါက် ပြောနိုင်ကြောင်း ၎င်းကပြောကြားသည်။

လက်ထပ်ပြီး သမီးတစ်ဦး ထွန်းကားခဲ့သည့် အသက် ၄၈ နှစ်အရွယ်ရှိ ဂွင်ဒွန်သည် မာရီမက်တွင် သေဆုံးသွားခဲ့ကြောင်း စတေဗင်ဂျာက ပြောကြားသည်။

အင်တာနက်။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၆၀)

ပေါက်စ

အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီးသကာလ မပြောရင်မဖြစ်တော့လို့ ပြောပြန်တော့လည်း ပေါက်စ လွန်ရာကျဦးမယ်။ အခုလို ပေါက်စ စကားဦးသန်းနေရတဲ့အကြောင်းရင်းက အခြားမဟုတ်ပါဘူး ခင်ဗျာ။ ပေါက်စတို့ စာပေနယ်၊ သတင်းစာနယ်ထဲက စာပေကဗျာ ဂုရုကြီး တစ်ဦးနဲ့ သတင်းစာဂုရုကြီး တစ်ဦးတို့ရဲ့ VOA အသံလွှင့်ဌာနနဲ့ ဗျူးကြတဲ့ ဗျူးစကားတွေကို ပေါက်စ ထောက်ပြစရာတွေဖြစ်လာလို့ပါခင်ဗျာ။

ဒီလိုပါခင်ဗျ။ ပေါက်စရဲ့ ဆောင်းပါး (၅၉) မှာပြောခဲ့တဲ့ ရှစ်လေးလုံး အထိမ်းအမှတ် အောက်မေ့ဖွယ် ထူးရှယ်ဗျူးခန်းအစီအစဉ်အရ အဲဒီဂုရုကြီး နှစ်ဦးနဲ့ ဗျူးတာတွေကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းနဲ့ ညပိုင်းမှာ VOA က ထုတ်လွှင့်သွားသဗျ။

အဲ-စာပေကဗျာဂုရုကြီးက ဘယ်လိုဗျူးသလဲဆိုရင် သမိုင်းမှာ တော်တော် အရေးကြီးအခန်းကဏ္ဍဖြစ်တဲ့အတွက် မျက်မြင်ကိုယ်တွေ့၊ မျက်ဝါးထင်ထင် တွေ့ရတဲ့၊ မြင်ရတဲ့မြင်ကွင်းမျိုးကို ဖွဲ့နွဲ့နိုင်မှပေါ့မှာ၊ အခုတော့ ခံစားမှုနဲ့ပြောရရင် ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံနဲ့ အတော်တူသတဲ့ဗျာ။ သမိုင်းအရိပ်အယောင်နဲ့ပြောရင်တော့ အရောင်ချင်းတော်တော်တူနေပြန်သတဲ့ ဗျာ။ ပြည်သူတွေရဲ့ လှုပ်ရှားမှုဖြစ်တဲ့ ရှစ်ဆယ့်ရှစ်ကလည်း ဒီသဘောဖြစ်လို့ သမိုင်းရဲ့ဖြစ်စဉ်အရ ဖွံ့ဖြိုးတိုးတက်မှုကွာပေမယ့် အနှစ်သာရက အတူတူပဲ တဲ့ဗျာ။ အဲသဟာအပြင် ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ မကျဆုံးဘဲ အဆင့်တစ်ဆင့်အထိ အောင်မြင်သတဲ့ဗျာ။ ဘိုလိုတွေးရင်လည်း အဆင့်ဆင့် တော်လှန်ပြောင်းလဲခြင်းဆိုတဲ့စကားအရ အီဖော်လူရှင်းနဲ့ ရီဗော်လူရှင်းဆိုတာ ဆုံးနိုင်တယ်မရှိတဲ့အတွက် ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ အဓိက အောင်မြင်မှု က ဘာလဲဆိုရင် ကျွန်တော်တို့ မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေ ကျွန်တော်တို့ ဖြစ်အောင် လုပ်ပြပြီးပြီတဲ့ဗျာ။ ရှစ်လေးလုံး ဒီမိုကရေစီလှုပ်ရှားမှုကြီးက မဖြစ်နိုင်တာတွေကို ဖြစ်နိုင်တယ်ဆိုတာ လုပ်ပြနိုင်ခဲ့လို့ ထပ်လုပ်ပြမယ်ဆိုလို့ ရှိရင် မရှိဘူးဆိုတဲ့ အရာတွေရှိလာဦးမှာ ဖြစ်တယ်တဲ့ခင်ဗျာ။

ဘယ်လိုလဲဗျာ။ ရန်သူမရှိ၊ မိတ်ဆွေသာရှိတဲ့ ငြိမ်းချမ်းရေးသမား စာပေကဗျာဂုရုကြီးက ကိုယ်မမြင်ရတဲ့ ရှစ်လေးလုံး မင်းမဲ့စရိုက်သောင်းကျန်းမှုကို ခံစားမှုကြီးနဲ့ ဖွဲ့နွဲ့ပြလိုက်တာ သမိုင်းအမြင်တွေကော၊ အီဖော်လူရှင်းတွေ၊ ရီဗော်လူရှင်းတွေနဲ့ ဘိုလိုခံစားတွေးတောတာတွေကော ဗျူးပြနေတော့ ဘယ်လို ငြိမ်းချမ်းရေးသမားလဲလို့ ပေါက်စ ဦးနှောက်စားလာသဗျ။

ရှင်းရှင်းလေးပဲဗျာ။ ၁၃၀၀ ပြည့်အရေးတော်ပုံနဲ့ ရှစ်လေးလုံး မင်းမဲ့စရိုက် သောင်းကျန်းမှုကိုတူအောင် ခံစားပြလိုက်တဲ့ အဖွဲ့အနွဲ့မျိုးဟာ ရိုးသား ဖြောင့်မတ်တဲ့ ငြိမ်းချမ်းရေးစိတ်ဓာတ်နဲ့ ခံစားမှုမဟုတ်ဘူးလို့ ပေါက်စ ပြောရဲသဗျ။

ဘာလို့လဲဆိုတော့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးက မြန်မာနိုင်ငံ လွတ်လပ် ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တော်လှန်တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ပြီး ရှစ်လေးလုံး မင်းမဲ့စရိုက် သောင်းကျန်းမှုက တည်ဆဲလမ်းစဉ်ပါတီအစိုးရ အပေါ် ပြည်သူတွေရဲ့ အထွေထွေမကျေနပ်မှုတွေကို လက်ဝဲလက်ယာ၊ မြေပေါ် မြေအောက်ပါတီတွေနဲ့ ပြည်ပနယ်ချဲ့ သြဇာခံတွေအပါအဝင် ပြည်ပြေး ဟောင်းကြီးတွေ၊ တပ်ပြုတ်၊ ပါတီပြုတ်၊ ဝန်ထမ်းပြုတ်တွေက အမြတ်ထုတ် အသုံးချပြီး နိုင်ငံတော်အာဏာကို အလစ်သုတ်ဖို့လုပ်ကြလို့ ဆော်စည်းရုံးတဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုကြီးပဲ ဖြစ်တယ်ဆိုတာ သမိုင်းဗေဒအမြင်နဲ့ပဲ ကြည့်ကြည့်၊ ဒဿနခံစားမှုနဲ့ပဲကြည့်ကြည့် ပကတိအရှိတရားက ငြင်းကွယ်လို့ မရပါဘူးခင်ဗျာ။ အဲသဟာကိုပဲ သမိုင်းအရိပ်တွေ၊ အယောင်တွေနဲ့ အရိပ်ဆွဲပြ၊ အရောင်ဆိုးပြနေတဲ့ စာပေကဗျာဂုရုကြီးတွေဖြစ်တဲ့ ငြိမ်းချမ်းရေးသမားကြီးဟာ ဒီနေ့အထိ အတိတ်ထဲက မထွက်သေးနိုင်ပါကလားလို့ ပေါက်စတရားကျမိသဗျ၊ အဲလို အတိတ်ထဲက မထွက်ရကောင်းလားဆိုပြီး တပည့်၊ သား၊ မြေးအချို့က ကတ္တီပါလမ်းခွဲတွေ၊ သံမဏိလမ်းခွဲတွေ စာရင်းရှုပ်ပြီး ပွဲဆူနေခဲ့တာ ဒီနေ့အထိ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ရှင်းလို့လင်းလို့ကို မပြီးနိုင်ဖြစ်နေတာ စာဖတ်ပရိသတ် ပြည်သူအပေါင်းအနေနဲ့ ကြားကနေ အခမဲ့မျက်စိညောင်းနေကြရှာသတဲ့ဗျာ။

လာသေးသဗျ။ ဩဂုတ်လ ၅ ရက်နဲ့ ၆ ရက်မှ ဗျူးသွားတဲ့ အမျိုးသား နိုင်ငံရေးဓာတ်ပျက် ဦးဝင်းနိုင်က ရှစ်လေးလုံးမင်းမဲ့စရိုက်သောင်းကျန်းမှုကြီးဟာ ကျဆုံးခဲ့တယ်လို့ ဗျူးသွားခဲ့ပေမယ့် စာပေကဗျာဂုရုကြီးကတော့ အီဖော်လူရှင်း၊ ရီဗော်လူရှင်းအရ အဆင့်တစ်ဆင့်အထိ အောင်မြင်ခဲ့သတဲ့ဗျာ။ ဘာလို့လဲဆိုတော့ ရှစ်လေးလုံးမင်းမဲ့စရိုက်သောင်းကျန်းမှုကြီးက မဖြစ်နိုင်တာတွေကို ဖြစ်နိုင်တယ် ဆိုတာ လုပ်ပြနိုင်ခဲ့တဲ့အတွက် ထပ်လုပ်ပြမယ်ဆိုလို့ရှိရင် မရှိဘူးဆိုတဲ့အရာတွေ ရှိလာဦးမယ်ဖြစ်တယ်ဆိုတော့ ရန်သူမရှိမိတ်ဆွေသာရှိတယ်ဆိုတဲ့ ငြိမ်းချမ်းရေး သမား စာပေကဗျာဂုရုကြီးရဲ့ဩဝါဒကတော့ တစ်နိုင်ငံလုံး ပြာပုံဘဝရောက်ပြီး သွေးပင်လယ်စီးဆင်းနိုင်တဲ့အပြင် လွတ်လပ်ရေးပါဆုံးရှုံးနိုင်တဲ့ မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုးကို ထပ်လုပ်ကြပါဦး၊ လုပ်ပြကြပါဦးလို့ လှုံ့ဆော်နေပါကလား ဆိုပြီး ပေါက်စ ခံစားနားလည်လိုက်ပါတယ်ခင်ဗျာ။

ဘယ်လိုလဲခင်ဗျာ။ ငြိမ်းချမ်းရေးသမားကြီးက ငြိမ်းချမ်းရေးစကား၊ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးစကား မပြောဘဲ တိုင်းပြည်မတည်မငြိမ် ဖြစ်အောင် ဆူပူအုံကြွမှုတွေ ထပ်ပြီးလုပ်ပါဦးဆိုတဲ့ လှုံ့ဆော်တိုက်တွန်းတဲ့ စကားတွေနဲ့ သွေးဆာနေတဲ့ ငြိမ်းချမ်းရေးသမားကြီးပဲလို့ ပေါက်စ စွဲချက်တင်ရင် မလွန်ပါဘူးခင်ဗျာ။

ခက်တော့လည်း အခက်သားပဲလေ။ သူပြောသလို မျက်ဝါးထင်ထင် မမြင်ရတော့လည်း သူ့ဘေးပတ်ဝန်းကျင်အသိုင်းအဝိုင်းက ပြောတာတွေနဲ့ သူပြောပြောနေတဲ့ ရေဒီယိုကိုပဲ အားကိုးနေရတယ်ဆိုတဲ့ စကားအရ အလိုတော်ရိ အသံလွှင့်ဌာနက ထုတ်လွှင့်တာတွေနားထောင်ပြီး နားယောင်တာလည်း ဖြစ်ချင်ဖြစ်မှာလို့ ပေါက်စလျှော့ဈေးနဲ့ ခံစားနားလည်ပေးရမလို ဖြစ်နေပါတယ် ခင်ဗျာ။

မြန်မာပြည်သူခုနစ်ရက်သားသမီးများ သိတော်မူတဲ့အတိုင်း ရှစ်လေးလုံး မင်းမဲ့စရိုက် သောင်းကျန်းမှုကာလမှာ မထင်ရင်မထင်သလို လူအုပ်နဲ့ ဝိုင်း အနိုင်ကျင့်ပြီး မီးရှို့၊ လူသတ်၊ ခေါင်းဖြတ်ခဲ့တဲ့ အနိဋ္ဌာရုံတွေ၊ လုယက်တိုက်ခိုက် စီးနင်းခဲ့တာတွေ၊ အဲသဟာတွေကို ကျူးလွန်ခဲ့တဲ့ဖြစ်စဉ်တွေမျိုး မြန်မာနိုင်ငံ သမိုင်းမှာ ဘယ်တုန်းကမှမဖြစ်ခဲ့ဖူးတဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အရ မဖြစ်ထိုက်တာတွေဖြစ်ခဲ့တာကိုပဲ ဖြစ်အောင်လုပ်ပြခဲ့ပြီးပြီဆိုတဲ့စကားနဲ့ ငြိမ်းချမ်းရေးသမား စာပေကဗျာဂုရုကြီးက အားပေးချီးမြှောက်လိုက်တာဟာလည်း ကမ္ဘာ့ရှား ငြိမ်းချမ်းရေးသမားကြီးပါကလားလို့ ပေါက်စရဲ့ အိမ်ခါးပန်းမှာ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်အထိ ဂန္ထဝင်မြောက် မှတ်သားကြဖို့ ထုံးတို့ပြီး မော်ကွန်းတင်ထားပေးပါ့မယ်ခင်ဗျာ။

အဲ. . .ထားလိုက်တော့ဗျာ။ အခုဆက်ပြောချင်တာက သူ့ထက်ကဲ ရွှေပြည်စိုးဆိုသလိုပဲ ဝါရင့်သမ္မာရင့် သတင်းစာဆရာ၊ ကျူရှင်ဆရာ၊ စာနယ်ဇင်း ဂုရုကြီး ဗျူးသွားတာတွေကို အတိုကျဉ်းပြီးလိုရင်းလောက်ပဲ ပေါက်စ ထောက်ပြ ပါမယ်ခင်ဗျာ။

ဒီလိုပါခင်ဗျ။ အဲဒီ ဂုရုကြီးက ဘယ်လိုဗျူးပြန်သလဲဆိုတော့ ရှစ်ဆယ့်ရှစ် အရေးအခင်းဟာ ပါရီကွန်မြူးနဲ့ နှိုင်းယှဉ်လောက်သတဲ့ခင်ဗျာ။ တစ်နိုင်ငံလုံး အားကိုးပြီး နေရတဲ့အတွက် (သတင်းစာဂုရုကြီးကတော့ စလောင်းလည်း ကြည့်နိုင်မယ် ထင်ပါတယ်) သူတို့ရဲ့ အတွေးအခေါ်အယူအဆတွေကလည်း သူတို့နားထောင်နေတဲ့ အသံလွှင့်ဌာနတွေရဲ့ အသံတွေနဲ့ ကြည့်နေတဲ့စလောင်း သတင်းတွေနဲ့ သူတို့ပတ်ဝန်းကျင်ရဲ့ ပြောစကား ဆိုစကားတွေလောက်ပဲ ကြားနေရတဲ့အတွက် ဖြောသံကြားနဲ့ တရားနာရတဲ့ ဘဝတွေပဲဖြစ်တယ်ဗျာ။ အဲသလို အခြေအနေတွေအရ ထင်ယောင်ထင်မှားနဲ့ ပြောမှားဆိုမှားများ ဖြစ်နေကြသလားလို့လည်း ပေါက်စအနေနဲ့ သာသာထိုးထိုးလေး ခံစား နားလည်ပေးပါတယ်ခင်ဗျာ။

ပြောမယ်ဆိုရင်ပေါ့ဗျာ။ အဲဒီ မင်းမဲ့စရိုက် သောင်းကျန်းမှုကို ပြည်သူ လူထုက ဖန်တီးခဲ့တာမဟုတ်ဘူးခင်ဗျာ။ ပြည်သူတွေအနေနဲ့ တည်ဆဲလမ်းစဉ် ပါတီအပေါ် အထွေထွေမကျေနပ်မှုနဲ့ ရိုးရိုးသားသား ဆန္ဒပြခဲ့ရင်းက နိုင်ငံရေး တောကြောင်တွေ၊ နယ်ချဲ့သြဇာခံတွေနဲ့ ပြည်ပြေးဟောင်းကြီးတွေရဲ့ အာဏာလုပွဲ အဖြစ် အမြတ်ထုတ်အသုံးချလာတဲ့အတွက် တစ်နေကုန် အသံကုန်အောင်

အတိတ်က အနိဋ္ဌာရုံတရားတွေကို အတိတ်မှာထားပြီး ပစ္စုပ္ပန်နဲ့ အနာဂတ် နိုင်ငံတော်အတွက် ကြိုးပမ်းနေတဲ့ တပ်မတော်အစိုးရရဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေကို အသိအမှတ်မပြု၊ အကောင်းမမြင်ဘဲ ကျင်းပဆဲ အမျိုးသားညီလာခံကြီးဟာ တကယ် အစစ်အမှန်မဟုတ်တဲ့အတွက် လက်ရှိ နိုင်ငံရေးအကျပ်အတည်းက ထွက်ပေါက်ရဖို့ တကယ်စစ်မှန်တဲ့ အမျိုးသားညီလာခံကျင်းပပြီး အဖြေရှာရမယ်ဆိုတဲ့ အဆိုးမြင်ဝါဒနဲ့ သတင်းစာဂုရုကြီးရဲ့ ဖြောသံကြားနဲ့ တရားနာနေရတဲ့ ဘဝကပေးတဲ့စကားတွေပဲဆိုတာ ပေါက်စ အားနာမျက်နှာပူပူနဲ့ ပြောပါရစေခင်ဗျာ။

လူတန်းစားမရွေး ကလေးသူငယ်ကျောင်းသားလေးတွေ၊ အိုကြီးအိုမအရွယ်တွေ အထိ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မပါဘဲ အုံကြွခဲ့တာ ဖြစ်တယ် တဲ့ဗျာ။ အာဏာဟာ ပြည်သူ့လက်ထဲရောက်နေပြီး မြို့တွေမှာ ရဲစခန်းတွေ၊ မြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းတွေလည်း ဘာမှမလုပ်တော့တဲ့အတွက် အာဏာ ဟာ ပြည်သူ့လက်ထဲရောက်နေပြီတဲ့ဗျာ။ အာဏာ ပြည်သူ့လက်ထဲရောက်နေ တာကို ခိုင်မာအောင်မလုပ်ဘဲနဲ့ ဖွဲ့ပေးပါ၊ ဖွဲ့ပေးပါလို့ တောင်းနေတာ မှားနေတယ်တဲ့ဗျာ။ ဘယ်သူ့ဆီ သွားတောင်းနေတာလဲတဲ့ခင်ဗျာ။ အဲ. . . မြန်မာနိုင်ငံရဲ့ထွက်ပေါက်ကတော့ တပ်မတော်အစိုးရက တစ်ဦးတည်းသဘောနဲ့ မလုပ်ဘဲ အများနဲ့ညှိနှိုင်းပြီး သဘောတူညီချက်မယူဘဲလုပ်နေရင် အောင်မြင်မှာ မဟုတ်တဲ့အတွက် တကယ်စစ်မှန်တဲ့ အမျိုးသားညီလာခံကြီးလုပ်ပြီး အဖြေရှာ ရမယ်တဲ့ခင်ဗျာ။

ဘယ်လိုတွေလဲခင်ဗျာ။ စာပေကဗျာဂုရုကြီးက ရှစ်လေးလုံးမင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ၁၃၀၀ ပြည့် အရေးတော်ပုံကြီးနဲ့တူတယ်လို့ ဝိဂ္ဂြိဟ်ပြု အနက်ဖွင့် နှိုင်းယှဉ်ထားပေမယ့် စာနယ်ဇင်းဂုရုကြီးကတော့ ရှစ်လေးလုံး မင်းမဲ့စရိုက်သောင်းကျန်းမှုကြီးဟာ ပါရီကွန်မြူးနဲ့ တစ်တန်းတည်းထားပြီး ဥဒါန်းကျူးစကား ဆိုနေပြန်သဗျ။ အဲသလိုမျိုး ပညာရှင် ဂုရုကြီးနှစ်ဦးရဲ့ အယူအဆတွေ၊ အတွေးအမြင် ဆန့်ကျင်ကွဲလွဲတဲ့ ပြဿနာထဲမှာ ပေါက်စလို ပိစိကွေးဦးနှောက်နဲ့ ဘာကမျှ ကြားမဝင်ရဲပါဘူးခင်ဗျာ။

သို့သော်လည်းတဲ့ခင်ဗျာ။ ပညာရှင်ဂုရုကြီးနှစ်ဦး တူညီနေတဲ့ အခြေအနေ ကတော့ သူတို့နှစ်ဦးလုံးဟာ ကမ္ဘာကြီးတစ်ခုလုံး ဖြစ်ပျက်ပြောင်းလဲနေတယ် ဆိုတာရော၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်တွေမှာ တိုးတက်ဖွံ့ဖြိုးမြင့်မားလာတဲ့ ပကတိအရှိတရားတွေကိုပါ လက်တွေ့မျက်တွေ့ မြင်နိုင်ကြတဲ့ အခြေအနေမရှိရှာတာပဲ ဖြစ်ပါတယ်ခင်ဗျာ။ အဲသလို အခြေ အနေမျိုးမှာ ဂုရုကြီးနှစ်ဦးဟာ သူတို့ပြောပြောနေသလို ရေဒီယိုလေးတွေပဲ စိတန်းလမ်းလျှောက် ကြွေးကြော်ရတဲ့ဘဝကို စက်ဆုပ်ရွံရှာပြီး လက်ပြနှုတ်ဆက် ခဲ့ကြသဗျ။

အတိတ်က အနိဋ္ဌာရုံတရားတွေကို အတိတ်မှာထားပြီး ပစ္စုပ္ပန်နဲ့ အနာဂတ် နိုင်ငံတော်အတွက် ကြိုးပမ်းနေတဲ့ တပ်မတော်အစိုးရရဲ့ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းတွေကို အသိအမှတ်မပြု၊ အကောင်းမမြင်ဘဲ ကျင်းပဆဲ အမျိုးသား ညီလာခံကြီးဟာ တကယ်အစစ်အမှန် မဟုတ်တဲ့အတွက် လက်ရှိ နိုင်ငံရေး အကျပ်အတည်းက ထွက်ပေါက်ရဖို့ တကယ်စစ်မှန်တဲ့ အမျိုးသားညီလာခံ ကျင်းပပြီး အဖြေရှာရမယ်ဆိုတဲ့ အဆိုးမြင်ဝါဒနဲ့ သတင်းစာဂုရုကြီးရဲ့ ဖြောသံကြားနဲ့ တရားနာနေရတဲ့ ဘဝကပေးတဲ့ စကားတွေပဲဆိုတာ ပေါက်စ အားနာ မျက်နှာပူပူနဲ့ ပြောပါရစေခင်ဗျာ။

ရှင်းရှင်းလေးပဲခင်ဗျ၊ နိုင်ငံတော်အစိုးရအနေနဲ့ အကြောင်းကြောင်းကြောင့် ယာယီဆိုင်းငံ့ခဲ့ရတဲ့ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပဖို့ ကြေညာပြီး တဲ့နောက် ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသား ပေါင်းစုံနဲ့ ဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်တွေပါမကျန်အောင် ဖိတ်ကြားပြီး တက်ရောက်ရေး အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

သို့သော်လည်းပေါ့ဗျာ။ တရားဝင် နိုင်ငံရေးပါတီတွေကို အမျိုးသားညီလာခံ မှာ တက်ရောက်ဖို့ ကမ်းလှမ်းညှိနှိုင်းဆွေးနွေးကြတော့ ပါတီအချို့က အခြေ အနေအရ မဖြစ်နိုင်သေးတဲ့ တောင်းဆိုချက်ကိုပဲ အသေဆုပ်ကိုင် တောင်းဆို နေတဲ့အတွက် ဝမ်းနည်းစွာ လက်ပြနှုတ်ဆက်ခဲ့ရတယ်ခင်ဗျာ။

ကဲ-ပေါက်စ စကားကို အနားသတ်ပြီး နိဂုံးကမ္ပတ်ပြောချင်တာက VOAအသံလွှင့်ဌာနက အခုလို ဖြောသံကြားတာနဲ့ တရားနာနေရတဲ့ ဂုရုကြီး နှစ်ဦးကိုမှ အခုလိုရွေးချယ်ပြီး အမြတ်ထုတ် အသုံးချလိုက်တဲ့ နိုင်ငံရေးလုပ်ကြံမှုကို မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက ဘယ်လိုအမည်ပေးကြသလဲဆိုတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ**တဲ့။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဆေးသင်ပညာရေးပို့ချမှုအစီအစဉ်** – Criteria For Estimators (စီးပွားရေးဒုတိယနှစ်)
- **၅:၃၀** ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၆။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၂၂)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ ရန်နိုင်မား" (အပိုင်း-၄)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။



ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။ (သတင်းစဉ်)

❊ **ကျောဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ၊စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်သည် နံနက် ၉ နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီး

အလားတူ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatraကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁) တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra ၏ ဇနီး Madame Veena Shinawatra သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကျော်ဟန်၏ ဇနီး ဒေါ်ယဉ်ယဉ်နွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၏ ဇနီး ဒေါ်ခင်ဝင်းကျော်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Col. Kasam Nakpun ၏ဇနီး Mrs . Venus Nakpun နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက် တာဝန်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းလက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကြံပေးပုဂ္ဂိုလ် ဦးအုန်းမြင့်နှင့် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမျိုးနိုင်တို့က လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၄-ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၆၇၅၀) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး Madame Veena Shinawatra တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့်ဇနီး၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာ

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးတို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာ အဆို၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းဘုရင့် တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ စဉ်။ (အပေါ်ပုံနှင့် ယာပုံ) (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၁-၈-၂၀၀၄)

ကော့သောင်း	-	၂ ဒသမ ၄၄ လက်မ
ကျောက်ဖြူ	-	၂ ဒသမ ၄၀ လက်မ
စစ်တွေ	-	၂ ဒသမ ၂၄ လက်မ
ပူတာအို	-	၂ ဒသမ ၁၇ လက်မ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ရေတာရှည်မြို့နယ် မြေပုံကားချပ်ဖြင့် ကြည့်ရှု၍ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်ချက် (၃)ရပ်

✧ ပထမအခြေခံလိုအပ်ချက် – နိုင်ငံတော် တည်ငြိမ်
အေးချမ်းပြီး တရားဥပဒေ စိုးမိုးမှုရှိစေရေး၊

✧ ဒုတိယအခြေခံလိုအပ်ချက် – နိုင်ငံတော်အတွင်
စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးနှ
နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းစေရေ

✧ တတိယလိုအပ်ချက် – တိုင်းရင်းသားပြည်သူများ၏
စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားခိုင်ကျည်ပြီး တစ်စိတ်
တည်းတစ်ဝမ်းတည်းရှိရေး၊ တစ်နည်းအားဖြင့် ပြည်သ
များ၏ စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းနေစေရေး။

မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို တညီတ
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီးလည်

❒ **နိုင်ငံတော်မှ**

စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ရဟတ်ယာဉ်များဖြင့် သာဂရမြို့မှ ထွက်ခွာကြရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် သည် ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေတာရှည် ရေးအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ သာဂရမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောစိုက်ခင်း ထူထောင်ရေး၊ စည်ပင်သာယာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရေတာရှည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရန် မိမိနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဤဒေသသို့ လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

ရေတာရှည်မြို့နယ်သို့ ယခင်အခါက ရောက်ရှိခဲ့စဉ်ကလည်း ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်အတော်များများကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်သလို ယနေ့အခမ်းအနားတွင်လည်း မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်ရာ ရေတာရှည်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တကွ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အပိုင်းကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခြေခံလိုအပ်ချက်သုံးရပ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာတွင် အဓိကအားဖြင့် အခြေခံ

အမျိုးသားကျန်းမာ
ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂု
ကြည့်ရှုစစ်ဆေးစဉ်။

**လိုအပ်ချက် သုံးရပ်ရှိရာ ယင်း
လိုအပ်ချက်သုံးရပ် ပြည့်
ဖြစ်ထွန်းစေရအောင် နိုင်ငံတော်
ဌာနဆိုင်ရာ တာဝန်ရှိသူ
တိုင်းရင်းသား ပြည်သူများအ
တက်ညီလက်ညီ ပူးပေါင်
ကြိုးပမ်းဆောင်ရွက်ကြရန်လို**

ပထမလိုအပ်ချက်

**နိုင်ငံတော် ဖွံ့ဖြိုးတိုးတ
အတွက် ပထမလိုအပ်ချက်အ
နိုင်ငံတော် တည်ငြိမ်အေး
တရားဥပဒေစိုးမိုးမှုရှိစေရန်လို**
နိုင်ငံတော် တည်ငြိမ်အေး
တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်း
နိုင်ငံတော်၏ အုပ်ချုပ်ရေး
နယ်မြေဒေသအနှံ့သို့ လွှမ်းခြ
ရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်
စနစ်တကျ စီမံခန့်ခွဲ ဆေ
နိုင်မှာဖြစ်ကြောင်း။

ရေတာရှည်မြို့နယ်အပါအဝ
ရိုးမဝန်းကျင်ဒေသများမှာ
ခေတ်ကာလက လက်န
သောင်းကျန်းမှုများ ရှိနေ
နယ်မြေဒေသ တည်ငြိမ်အေ

ပဲခူးတိုင်း ရေတာရှည်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီ၊ တပ်မတော်အရာရှိကြီးများ၊ တောင်ငူခရိုင်နှင့် ရေတာရှည်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက မြို့နယ်၏ တည်နေရာ၊ လူဦးရေ၊ မြေသယံဇာတနှင့် ရေသယံဇာတအခြေအနေ၊ ၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံ

ချက် (၃)ရပ်

ာ် တည်ငြိမ်
ရေး၊
တော်အတွင်း
နေစေရေးနှင့်
တင်းစေရေး၊
ည်သူများ၏
ပြီး တစ်စိတ်
းဖြင့်ပြည်သူ
နစေရေး။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃၀ရက်က ပဲခူးတိုင်း တောင်ငူမြို့ အစိုးရကွန်ပျူတာကောလိပ်၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တညီတညွတ်တည်း လက်တွဲဖော်ဆောင်ကြမှသာ
းလည်း အစွန့်ရှည် တည်တံ့ခိုင်မြဲမှာဖြစ်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃၀ ရက်က ဖျူးမနားမြို့ ပြည်သူ့ဆေးရုံတွင် ဦ့ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချက် သုံးရပ်ရှိရာ ယင်းအခြေခံ ချက်သုံးရပ် ပြည့်ပြည့်ဝဝ းစေရအောင် နိုင်ငံတော်အစိုးရ၊ င်ရာ တာဝန်ရှိသူများနှင့် ်းသား ပြည်သူများအားလုံးက ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပထမလိုအပ်ချက်

င်တော် ဖွံ့ဖြိုးတိုးတက်ရေး ် ပထမလိုအပ်ချက်အနေဖြင့် တ် တည်ငြိမ်အေးချမ်းပြီး ုပဒေစိုးမိုးမှုရှိစေရန်လိုကြောင်း၊
တ် တည်ငြိမ်အေးချမ်းပြီး ုပဒေစိုးမိုးမှု ဖြစ်ထွန်းနေမှသာ တော်၏ အုပ်ချုပ်ရေးယန္တရား ့ဒေသအနှံ့သို့ လွှမ်းခြုံရောက် င်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကျ စီမံခန့်ခွဲ ဆောင်ရွက် ဖြစ်ကြောင်း။
ဘရှည်မြို့နယ်အပါအဝင် ပဲခူး းကျင်ဒေသများမှာ ယခင် ာလက လက်နက်ကိုင် ကျန်းမှုများ ရှိနေခဲ့သဖြင့် ့ဒေသ တည်ငြိမ်အေးချမ်းမှု

မရှိခဲ့ကြောင်း၊ ယနေ့ မိမိတို့ခေတ်ကာလတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းနေပြီဖြစ်ရာ တရားဥပဒေစိုးမိုးရေး ပြည့်ပြည့်ဝဝဖြစ်ထွန်းနေစေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသများအထိဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အပြည့်အဝ ရရှိစေရအောင် ပံ့ပိုးပေးဖွယ်ရာများ ပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်ကြဖို့လိုကြောင်း။

ဒုတိယလိုအပ်ချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ဒုတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်အတွင်း စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းစေရေးပင် ဖြစ်ကြောင်း။

ကျေးလက်ဒေသများမှ အစပြုပြီး မြို့နယ်အဆင့်အထိ စီးပွားရေး အခြေခံကောင်းများဖြစ်ထွန်းပြီး ဒေသ၏ စီးပွားရေး တိုးတက်မြင့်မားရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ မှန်ကန်သော စီမံခန့်ခွဲမှု အပေါ်တွင် များစွာတည်မှီနေကြောင်း။

အထူးသဖြင့် ကျေးလက်နေ ပြည်သူများ၏ အခြေခံစီးပွားရေး ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံခန့်ခွဲ ဦးဆောင်မှုပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးဖို့လိုကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ အပြန်အလှန် အကျိုးပြုပြီး ဒေသ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဒေသစီးပွားရေး တောင့်တင်းခိုင်မာပြီး ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

တတိယလိုအပ်ချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တတိယလိုအပ်ချက်မှာ တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားခိုင်ကျည်ပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ရှိရေးတစ်နည်းအားဖြင့် ပြည်သူများ၏ စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းနေစေဖို့ပင်ဖြစ်ကြောင်း။

ပြည်သူများအကြား အမျိုးသားရေးစိတ်ဓာတ်၊မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို တညီတညွတ်တည်း လက်တွဲဖော်ဆောင်ကြမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီးလည်း အစွန့်ရှည် တည်တံ့ခိုင်မြဲမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုတိုးပွား ခိုင်ခံ့မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ၁၂ ရပ်အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးကို အကွက်ချ စီမံချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကျိုးရှိစွာအသုံးချ

သို့ဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့မြို့နယ်အတွင်း ရှိထားပြီးဖြစ်သော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများကို စည်းရုံးဦးဆောင်လျက် ယင်းလူမှုရေး အဖွဲ့အစည်းများ၏ ထက်မြက်သည့် စွမ်းအားကို တစ်စုတစ်စည်းတည်းပေါင်းရုံးလျက် ထိရောက်အကျိုးရှိစွာ အသုံးချပြီး ကျေးလက်ဒေသများမှအစပြုကာ မိမိတို့မြို့နယ်တစ်ခုလုံး၊ ထိုမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ မှန်ကန်သော ကြိုးပမ်းဆောင်ရွက်မှု၊ စေတနာပါသော ပံ့ပိုးကူညီမှုများကို ပြည်သူများသိမြင်ခံစားရသည်နှင့်အမျှ ပြည်သူများ၏ နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှု၊ ပူးပေါင်းပါဝင်မှုတို့ဖြစ်ထွန်းလာပြီး မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများလည်း အောင်မြင်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

တိုးတက်ထွန်းကားပြန့်ပွား

ဤကဲ့သို့ နိုင်ငံတော်၏ ဦးစီးဦးဆောင်ပြုမှုနောက်တွင် ပြည်သူအများ တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်း ပါဝင်လာသည်နှင့်အမျှ ပြည်သူများအကြား စိတ်ဓာတ်ရေးရာ အခြေခံများကို တိုးတက်မြင့်မားပြီး အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃၀ ရက်က တောင်ငူတက္ကသိုလ် လမ်းမကြီးပေါ်ရှိ လဲဘူးစုပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပညာရေးဆိုင်ရာများ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ် သုံးထပ်စာသင်ဆောင်များ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၃၀ ရက်က ပဲခူးတိုင်း တောင်ငူမြို့ တောင်ငူတက္ကသိုလ် ပင်မဆောင် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

✪ စာမျက်နှာ ၉ မှ

စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ပိုမိုတိုးတက်ထွန်းကားပြန့်ပွားလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများကို အခြေခံအကျဆုံးဒေသများဖြစ်သည့် ကျေးလက်ဒေသများနှင့် မြို့နယ်များတွင် အခြေခိုင်ခိုင်မာမာဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စည်းရုံးဦးဆောင်လျက် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တိုင်းရင်းသားပြည်သူများ အားလုံးက တညီတညွတ်တည်း လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်** ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် သာဂရမြို့ အခြေခံပညာ အထက်တန်းကျောင်းများအတွက် သင်ကြားမှုသင်ယူမှု အထောက်အကူပြု ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရေတာရှည်ဆေးရုံ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာထွန်းနေအောင်နှင့် ဆရာဝန်၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ ခွဲစိတ်ခန်း၊ လူနာဆောင်များ၊ ကာကွယ်ဆေးများသိုလှောင်သည့် အအေးခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရေတာရှည်မြို့မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ပျဉ်းမနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပျဉ်းမနားဆေးရုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၃၀ရက် နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ဆေးရုံအုပ် ဒေါက်တာဦးညွန့်လှိုင်၊ ဆရာဝန်၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံရှိ ကလေးလူနာခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီး၊ အမျိုးသား လူနာဆောင်များ၊ ဆေးသိုလှောင်ခန်းနှင့် စရိတ်မျှပေးဆေးဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံနှင့် ဆေးရုံဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး ဆေးရုံအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးသည်။

တောင်ငူမြို့သို့

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပျဉ်းမနားမြို့မှ ထွက်ခွာကြရာ နံနက် ၁၀နာရီတွင် ပဲခူးတိုင်း တောင်ငူမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စစ်ဘက်နယ်ဘက်မှ အကြီးအကဲများက ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား တောင်ငူတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက တက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များကိုလည်းကောင်း၊ တည်ဆောက်ရေးဆိုင်ရာပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ခုံညားထည်ဝါ

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း Master Plan အတိုင်း လိုအပ်သည့် အဆောက်အအုံများကို အချိန်တိုအတွင်း ခုံညားထည်ဝါစွာဖြင့် တည်ဆောက်သွားရေး မှာကြားပြီး တက္ကသိုလ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ် ပင်မဆောင် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများ မှာကြားကာ တည်ဆောက်ဖွင့်လှစ်ပြီး စာသင်ဆောင်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ် လမ်းမကြီးပေါ်ရှိ လဲဘူးစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက်နှင့် လဲဘူးစံပြကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ဝင်ရောက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းနှင့် ဆရာမများအား ကျောင်း၏ ပညာရေး၊ သင်ကြားရေးဆိုင်ရာများ မေးမြန်းပြီး ကျောင်း၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လဲဘူးစံပြကျေးရွာမှ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နည်းပညာကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ကျောင်းအုပ်ကြီး ဦးစိုးဝင်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကောလိပ်စည်းဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးစိုးဝင်းက အစိုးရနည်းပညာကောလိပ်၏ သင်ကြားစီမံကိစ္စရပ်များ၊ အသစ်ဆောက်လုပ်မည့် တောင်ငူမြို့ အစိုးရနည်းပညာကောလိပ် ဒီဇိုင်းပုံစံအဆိုပြု တင်ပြချက်များကို ရုပ်ပုံကားချပ်များဖြင့်တကွ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားပြီး အသစ်ဆောက်လုပ်မည့် အစိုးရနည်းပညာကောလိပ် အဆိုပြု ဒီဇိုင်းပုံစံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၃၀ရက်က ပဲခူးတိုင်း တောင်ငူမြို့၌ အသစ်ဆောက်လုပ်မည့် အစိုးရနည်းပညာကောလိပ် အဆိုပြုဒီဇိုင်းပုံစံကားချပ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွန်ပျူတာကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ အစိုးရ ကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကောလိပ်စည်းဝေးခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ခိုင်မိုးနွယ်က အစိုးရ ကွန်ပျူတာကောလိပ်၏ လက်ရှိသင်ကြားစီမံဆိုင်ရာ ကိစ္စရပ်များ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပံ့ပိုးဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြေနေရာစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရနည်းပညာ ကောလိပ်ပင်မ စာသင်ဆောင်ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူလေဆိပ်သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီး ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာ၊ ရွှေတိဂုံစေတီတော် ဖူးမြော်

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေး အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatraနှင့် ဇနီးနှင့်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော မြန်မာဘုရင်များ လက်ထက်မှ မျက်မှောက်ခေတ်ကာလအထိ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်သည် ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ပြတိုက်အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်း၍ ရွှေတိဂုံစေတီတော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့် အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် မြန်မာ့တပ်မတော်က မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ပုံ ပြကွက်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သက်န်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကျင်းပရေး စည်းဝေး

ရန်ကုန် ဩဂုတ် ၃၁

ထိုင်းနိုင်ငံမှ ဘာသာရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကန်ချနာဘူရီရှိ Dhammaland Foundation to Support the World Daen Mahamongkol အဖွဲ့မှ မဟာသံဃာ့ဒါန အထိမ်းအမှတ်အဖြစ် သံဃာတော်နှင့် သီလရှင် အပါး ၃၀၀၀၀အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာမြင့်သိန်း အာရှ တိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆု ချီးမြှင့်ခံရ

ရန်ကုန် ဩဂုတ် ၃၁

အာရှတိရစ္ဆာန်ဆေးကု တက္ကသိုလ်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၃ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Sunway Lagoon Resort Hotel၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်သိန်း တက်ရောက်၍ ဖန်ပြွန်နွားသန္ဓေသား ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် သုတေသနစာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းသည်။

အာရှတိရစ္ဆာန်ဆေးကု တက္ကသိုလ်များအသင်းသည် အကောင်းဆုံးစာတမ်းရှင်သုံးဦးကို ရွေးချယ်၍ ထူးချွန်ဆု ချီးမြှင့်လေ့ရှိရာ ယခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပညာရှင်များ တင်သွင်းသည့် စာတမ်းနှစ်စောင်နှင့် မြန်မာနိုင်ငံမှ ဒေါက်တာမြင့်သိန်း တင်သွင်းသည့် စာတမ်းတို့သည် အကောင်းဆုံးစာတမ်းများအဖြစ် ရွေးချယ်ခံရပြီး ဒေါက်တာမြင့်သိန်းသည် အာရှတိရစ္ဆာန် ဆေးသိပ္ပံပညာထူးချွန်ဆုနှင့် ဂုဏ်ပြုငွေ ဂျပန်ယန်းတစ်သိန်း ချီးမြှင့်ခြင်းခံရသည်။ ဒေါက်တာမြင့်သိန်းသည် ၂၀၀၃ ခုနှစ်တွင် မလေးရှားနိုင်ငံ ပူထရာတက္ကသိုလ်မှ Ph.D ဘွဲ့ကို ရရှိခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒွါဒသမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ကြေးမုံ)

အထက(၁)သင်္ဃန်းကျွန်း ရွှေရတုသဘင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၁

သင်္ဃန်းကျွန်းမြို့နယ် အထက(၁)(၁၉၅၄/၂၀၀၄) နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး ရွှေရတုသဘင်အခမ်းအနားကျင်းပရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၏ ညှိနှိုင်းအစည်းအဝေးကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းတွင် ကျင်းပလျက်ရှိသည်။ အသေးစိတ်သိလိုသော ကျောင်းသား၊ ကျောင်းသူများသည် ဦးသိန်း ကျောင်းအုပ်ကြီး အထက(၁)သင်္ဃန်းကျွန်း ဖုန်း-၅၆၅၉၆၆၊ ဦးတွတ် ဂျီအီးစီပညာရေး သင်္ဃန်းကျွန်း ဖုန်း-၅၆၆၇၁၁၊ ဒေါ်ဖြူဖြူဝင်း ကျောင်းအုပ်ကြီး အမက(၈) သင်္ဃန်းကျွန်း ဖုန်း-၅၇၉၉၁၆၊ ဦးဝင်းမြင့် ဖုန်း-၅၇၃၁၃၇တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကြိုဆိုနှုတ်ဆက်

ဩဂုတ် ၃၁ရက်က (၄၇)နှစ်မြောက် မလေးရှားနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ တက်ရောက်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Cheah Sam Kip နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် သဲဖြူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

နိုင်ငံ၏အရင်းအမြစ်များ ဖော်ထုတ်သုံးစွဲပြီး လယ်ယာစီးပွားအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်
နိုင်ငံတော်၏ ၁၆၃ခုမြောက်၊ မန္တလေးတိုင်း၏ ၄၂ခုမြောက် သဲဖြူရေလှောင်တမံ ဖွင့်လှစ်
လယ်ဝေးဒေသ၏ စိုက်ပျိုးရေဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေး တိုက်ရိုက်အကျိုးပြုမည်

ရန်ကုန် ဩဂုတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာအနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် သဲဖြူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် စနာရီခွဲတွင် အဆိုပါ သဲဖြူရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး သဲဖြူရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် အဖွဲ့ဝင်များ၊ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့တို့မှ အဖွဲ့ဝင်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၈၀၀၀တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သဲဖြူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ဤသဲဖြူရေလှောင်တမံသည် လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာအနီးက သဲဖြူချောင်းပေါ်တွင်တည်ရှိပြီး ကြံစိုက်ဧက၅၀၀နှင့် လယ်မြေဧက၇၀၀ကို ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ပိုလျှံသည့်ရေကို ရေနီ၊ ကျောက်အိုး ရေလွှဲဆည်မှတစ်ဆင့် ယင်းရေလွှဲဆည်၏ ရေသောက်စနစ်အတိုင်း စိုက်ပျိုးမြေများကို ရေထပ်မံဖြည့်စွက်ပေးသွားမည် ဖြစ်ကြောင်း၊ မန္တလေးတိုင်း အတွင်းတွင်ရှိသည့် မြို့နယ်အများစုသည် စိုက်ပျိုးရေရရှိရန် ခက်ခက်ခဲခဲ လုပ်ဆောင်ကြရသည့် မြို့နယ်များဖြစ်ကြောင်း။

ထို့ကြောင့်မန္တလေးတိုင်းအပါအဝင် ရေရှားပါးသည့် အညာဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မှု၊ သောက်သုံးရေ လုံလုံလောက်လောက်ရပြီး လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရန်စသည့် ရည်မှန်းချက်များထား၍ ဒေသအတွင်းတွင် ရနိုင်သမျှ ရေအရင်းအမြစ်များကို ဖော်ထုတ်ပြီး ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို သင့်တော်သလို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ဖော်ထုတ်သုံးစွဲ

တိုင်းပြည်၏ပင်မစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းကို အခြေခံပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် အားကြိုးမာန်တက် ဆောင်ရွက်နေသည့်အချိန်တွင် ယခုကဲ့သို့ နိုင်ငံ၏ အရင်းအမြစ်များကို အစီအမံရှိရှိဖော်ထုတ်သုံးစွဲပြီး လယ်ယာစီးပွား အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤနေရာတွင် ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ် သုံးစွဲရေးသည် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အတွက်သာမကဘဲ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုအတွက်ပါ အရေးပါသည့် လုပ်ငန်းရပ်ကြီးဖြစ်ကြောင်း။

ဆည်တမံ (၁၆၃)ခု

မန္တလေးတိုင်းအတွင်းတွင် ယနေ့ဖွင့်လှစ်လိုက်သည့် သဲဖြူရေလှောင်တမံအပါအဝင် ရေလှောင်တမံနှင့် ရေလွှဲဆည် စုစုပေါင်း၄၂ခုကို တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ဧကပေါင်း ၃၃၄၀၀၀ကျော်ကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ မန္တလေးတိုင်း အတွင်းတွင် တည်ဆောက်ပေးခဲ့သည့် ရေလှောင်တမံနှင့် ရေလွှဲဆည် ၄၂ခု အတွက် နိုင်ငံတော်က ကျပ်သန်းပေါင်း ၁၀၀၆၇ဒသမ၆ဒကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးတိုင်း အတွင်းမှာပင် လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၁၈ခုနှင့် ဒီဇယ်မြစ်ရေတင် လုပ်ငန်း ၅၂ခု၊ စုစုပေါင်း မြစ်ရေတင် လုပ်ငန်း ၇၀ကို ဆောင်ရွက်ပေးခဲ့ပြီး စိုက်ပျိုးမြေဧက ၅၃၆၈၆ ဧကကျော်ကို စိုက်ပျိုးရေပေးဝေနိုင်အောင် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထို့အပြင် ဆက်လက်ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်း ကိုးခုကလည်း လယ်မြေဧက ၆၆၇၀၀ကို မကြာမီကာလအတွင်း ရေပေးဝေနိုင်တော့မည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်မည်ဆိုလျှင် သဲဖြူရေလှောင်တမံအပါအဝင် ဆည်တမံလုပ်ငန်းပေါင်း၁၆၃ခုရှိပြီဖြစ်ကြောင်း။

လမ်းညွှန်မှုပြုထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်တစ်ဝန်း၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ဆည်မြောင်း၊ တာတမံများကို ဖြစ်နိုင်သမျှ တည်ဆောက်ပေးလျက်ရှိရာ တောင်သူလယ်သမားများ အနေဖြင့်လည်း ဆည်ရေကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာ အသုံးပြုပြီး မိမိတို့ စားဝတ်နေရေး ဖူလုံစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း"** လမ်းညွှန်မှုများ ပြုထားကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဆည်ရေများကို ထိထိရောက်ရောက် အသုံးချပြီး စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်း တိုးတက်ရန်၊ ဒေသစီးပွားရေး အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးလာရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် သဲဖြူရေလှောင်တမံကို အချိန်တိုအတွင်း တည်ဆောက်ပေးကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များကို နိုင်ငံတော်ကိုယ်စား မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း သဲဖြူရေလှောင်တမံကရရှိမည့် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြပါ၊ ရေလှောင်တမံ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပါဟု မှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဇော်အောင်က သဲဖြူရေလှောင်တမံကို တည်ဆောက် ဖွင့်လှစ်ပေးသဖြင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဧည့်သည်တော်များသည် သဲဖြူရေလှောင်တမံ မုခ်ဦးထိပ်၌ နေရာယူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သဲဖြူရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် သဲဖြူရေလှောင်တမံကို တွေ့ရစဉ်။
(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိန်လင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့အား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်ချုပ်ဉာဏ်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်ရန် အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၁၂မှ

ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က သဲဖြူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယခု ဖွင့်လှစ်လိုက်သော သဲဖြူရေလှောင်တမံသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက်ဘက် ခြောက်ဖာလုံအကွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လယ်ဝေးမြို့နယ် သပြေပင်ရွာမှ ရှစ်မိုင်အကွာတွင် တည်ရှိပြီး နိုင်ငံတော်၏ ၁၆၃ခု မြောက် ရေလှောင်တမံဖြစ်သည်။

အဆိုပါ ရေလှောင်တမံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ ပင်မတမံမှာ အမြင့်ပေ ၆၀၊ အရှည်ပေ ၂၆၅၀ရှိ မြေဖို့တမံနှင့် အမြင့်ပေ ၃၀၊ အရှည်ပေ ၃၈၀ရှိ ကုန်းကြောတမံနှစ်ခုတို့ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၈၇၁၈ဧကပေ ရှိသည်။ ရေထုတ်ပြွန်မှာ အချင်းသုံးပေ၊ အရှည်ပေ၁၉၀ရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပတ်ဝန်းကျင်ရှိ ရေပြာရိုးကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စုနှင့် ညောင်မုတ်ဆိပ် ကျေးရွာအုပ်စုတို့မှ လယ်စိုက်ဧက၇၀၀၊ ကြံစိုက်ဧက ၅၀၀၊ စုစုပေါင်း စိုက်ဧက ၁၂၀၀တို့အတွက် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်တော့မည် ဖြစ်သည်။

သဲဖြူရေလှောင်တမံတွင် အကျယ်ပေ ၃၀၊အလျား ၅၂၂ပေရှိ ကျောက်စီသံကူကွန်ကရစ် ရေပိုလွှဲနှစ်ဆင့် ပါဝင်ပြီး ဆည်ရေသောက်စနစ်တွင် အရှည်ပေ ၁၂၀၀၀ရှိ တူးမြောင်းမကြီးတစ်ခု၊ တူးမြောင်းအဆောက်အအုံ ၉၅လုံးနှင့် လက်တံမြောင်းများ ပါဝင်သည်။

ရေကူပေးမည်

သဲဖြူရေလှောင်တမံမှ ပိုရေများကို သဲဖြူချောင်းအတွင်း ပြန်လည်ချပေးပြီး ချောင်းအောက်ဘက် ခုနစ်မိုင်အကွာရှိ ရေနီကျောက်အိုးရေလွှဲဆည်သို့ ရေကူပေးနိုင်မည်ဖြစ်ရာ ရေနီကျောက်အိုးရေလွှဲဆည်၏ ဆည်ရေသောက်ဧက ၁၃၄၇ဧကအတွက်လည်း စိုက်ပျိုးရေဖြည့်ကူပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သဲဖြူရေလှောင်တမံသည် လယ်ဝေးဒေသ၏ စိုက်ပျိုးရေဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို တိုက်ရိုက်အကျိုးပြုတော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးရာသီအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ၌ ပထမဆုရရှိသွားသည့် ကာကွယ်ရေးလူငယ်အသင်းအား ပထမဆုဖလားကြီးနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘော်လီဘောပြိုင်ပွဲ ပို့ဆောင်ရေး(က)နှင့် ကာကွယ်ရေးလူငယ်ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

ဗိုလ်စွဲ

ဗိုလ်လုပွဲများအဖြစ် အမျိုးသမီးဗိုလ်လုပွဲတွင် ပို့ဆောင်ရေး(က)အသင်းက ကာကွယ်ရေးအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ အမျိုးသားဗိုလ်ပွဲတွင် ကာကွယ်ရေးလူငယ်အသင်းက မြို့တော်စည်ပင်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်းအသီးသီး အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးပြိုင်ပွဲ၌ ဆုရရှိသောအသင်းများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် နာယက ဒေါ်ခင်ညွန့်မြိုင်က တတိယဆုရ ပြည်ထဲရေးအသင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် နာယက ဒေါ်ခင်မြနွယ်က ဒုတိယဆုရ ကာကွယ်ရေးအသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါက်တာဒေါ်ခင်စန်းနွယ်က ပထမဆုရ ပို့ဆောင်ရေး(က)အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက အမျိုးသမီးပြိုင်ပွဲ၌ တတိယဆုရ ပြည်ထဲရေးအသင်းအား ဆုကြေးငွေကျပ်ငါးသောင်း၊ ဒုတိယဆုရ ကာကွယ်ရေးအသင်းအား ဆုကြေးငွေကျပ်ခုနစ်သောင်းငါးထောင်၊ ပထမဆုရ ပို့ဆောင်ရေး(က)အသင်းအား ဆုကြေးငွေ ကျပ်တစ်သိန်းပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် အမျိုးသားပြိုင်ပွဲ၌ ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက တတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ဒုတိယဆုရ မြို့တော်စည်ပင်အသင်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပထမဆုရ ကာကွယ်ရေး(လူငယ်)အသင်းကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမျိုးသားပြိုင်ပွဲ၌ တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ဆုကြေးငွေ ကျပ်ငါးသောင်း၊ ဒုတိယဆုရ မြို့တော်စည်ပင်အသင်းအား ဆုကြေးငွေ ကျပ်ခုနစ်သောင်း ငါးထောင်၊ ပထမဆုရ ကာကွယ်ရေးလူငယ်အသင်း အား ဆုကြေးငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ပို့ဆောင်ရေး(က)အသင်းနှင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ကာကွယ်ရေးလူငယ်အသင်းတို့အား ပထမဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ကော်ဖီနှင့် မက္ကဒေးမီးယား အသင့်စိုက်ပျိုးခင်းများ တာဝန်ယူဖော်ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၃၁

ကော်ဖီနှင့်မက္ကဒေးမီးယား စိုက်ပျိုးလိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မစိုက်ပျိုးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် ကော်ဖီနှင့် မက္ကဒေးမီးယားစိုက်ခင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဖော်ထုတ်စိုက်ပျိုးပေးလျက်ရှိသည်။

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်သည် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ဩဂုတ်၂၇ရက်က ပြင်ဦးလွင်မြို့ ခြေမြစ်ပင်ကျေးရွာအနီးတွင် ဖော်ထုတ်လျက်ရှိသော ဧက ၃၀၀ အသင့်ကော်ဖီစိုက်ခင်းနေရာများသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် မြေဖော်ထုတ်ခြင်း၊ လူအင်အားဖြင့် ငုတ်ထုတ်ခြင်း၊ ကျင်းတူးပျိုးပင်ထည့်ခြင်းဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)** ဆက်လက်၍ နောင်ချိုမြို့နယ် ညောင်ထောက်ကျေးရွာအနီးတွင် စိုက်ပျိုးထားသော မက္ကဒေးမီးယားစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး အုမ္မခါးမက္ကဒေးမီးယား စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက မက္ကဒေးမီးယားနှင့် ကော်ဖီဧက ၁၀၀၀ အသင့်စိုက်ခင်း ဖော်ထုတ်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဩဂုတ်၂၈ရက် နံနက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကော်ဖီနှင့် မက္ကဒေးမီးယား စိုက်ခင်းများသို့ လှည့်လည်ကြည့်ရှုပြီး ပွေးတောင်ကော်ဖီခြံ၌ ကော်ဖီစိုက်ပျိုးသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကော်ဖီ၊ မက္ကဒေးမီးယား အသင့်စိုက်ခင်းဧက ၁၀၀၀စီကို စိုက်ပျိုးပေးလျက်ရှိပြီး အကွက်ငယ်များ ဖော်ထုတ်လျက် စိုက်ပျိုးလိုသူများအား တန်ဖိုးသင့်နှုန်းထားများဖြင့် လွှဲပြောင်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အင်းယားလမ်း အမှတ်(၇၆-အက်ဖ်)နေ ကျေးဇူးရှင်မိဘနှစ်ပါး ဖြစ်ကြသော (ဦးကျော်မြင့်၊ ဒေါ်စောရီ)အားရည်စူး၍ သမီး ဒေါ်တင်တင်မြင့်၏ (၆၆)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးရန် ငွေကျပ် ၁၀၇၅၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းထံ ဩဂုတ် ၁၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာပဋ္ဌာန်းဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုခမ္မာတိုက် မဟာပဋ္ဌာန်းကျောင်းတွင် သဒ္ဓမ္မဇောတိက ဓဇ မဟာပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တဝါယမက မဟာပဋ္ဌာန်း ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက် အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများသည် စက်တင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ သုခမ္မာတိုက်ကျောင်းသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

Job Opportunity

The Hotel @ Tharabar Gate (OLD BAGAN)
For Local Service Only

1) Food and Beverage Manager — 1 - Post
2) Front Office Manager — 1 - Post
- Must have 2 – 3 years consecutive experience in a similar position
- Good Spoken and Written English communication skills
3) Chief Accountant (Yangon Office) — 1 - Post
- B.Com. / LCCI Level III (Accpac)
- Must have 2 – 3 years consecutive experience in a similar position
- Good Spoken and Written English communication skills
4) Resident Manager's Secretary — 1 - Post
- Must have 1- 2 years consecutive experience in a similar position
- Good Spoken and Written English communication skills
- Good computer skill and knowledge of Microsoft Office

Qualified and interested persons can send their CVs with 2 recent passport photos, Labour Registration Card and relevant certificates to the following address before 10th September 2004.

Resident Manager	The Hotel @ Tharabar Gate (YangonOffice)
The Hotel@Tharabar Gate (OR)	Room (201,202), Summit ParkviewBuilding,
Near Tharabar Gate	NO.(350), Ahlone Road, DagonTownship,
Old Bagan, Myanmar	Yangon, Myanmar

E-mail: tharabar@myanmarpartners.com.mm

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်

ရန်ကုန် ဩဂုတ် ၃၁

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဆာကူဒွေး အင်္ဂလိပ်စာသင်တန်း

Q . E . L . C

4 SKILLS ENGLISH (Basic) Sept (4,6,18)

IELTS, SEP (11) / TOEFL, Sep (20) / Writing

ENGLISH (U.M.N)

GRAMMAR

Visa Home Interview

မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ကျွန်တော် ကိုဝင်းမြင့် (ဘ) ဦးဟုန်ကွမ်းယု [၉/မရမ(နိုင်)၀၄၅၇၄၇]၏ ၁၉၈၀ပြည့်နှစ်တွင် အောင်မြင်သော (၁၀)တန်းအောင်လက်မှတ်တွင် မွေးနေ့သက္ကရာဇ်မှာ ၁၆-၅-၁၉၆၁ ဖြစ်နေပါ၍ ကျွန်တော်၏ မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းရှိ မွေးနေ့သက္ကရာဇ် အမှန်မှာ ၁၂-၆-၁၉၆၀ ပြည့်နှစ် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မိုးထက်ဝင်းလှိုင်

FANCY

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော GRACE EMPLOYMENT AGENCY ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

(က) **PHYSIOTHERAPIST** – (၅)ဦး
- အသက် – အသက်အပိုင်းအခြားမရှိပါ
- ပညာအရည်အချင်း – Bachelor of Physiotherapy
- အခြေခံလစာ – တစ်လလျှင် S$ (၁၅၀၀)
- ဝန်ဆောင်ခ – S$ (၃၀၀၀)နှင့် ညီမျှသောမြန်မာကျပ်ငွေ

(ခ) **FACILITIES ATTENDANT** – (၂၀)ဦး
- အသက် – အသက်(၃၅)နှစ်အောက်ဖြစ်ရမည်
- ပညာအရည်အချင်း – ၁၀တန်းအောင်ရမည်
- အခြေခံလစာ – တစ်လလျှင် S$ (၇၅၀)
- ဝန်ဆောင်ခ – S$(၂၂၅၀)နှင့် ညီမျှသောမြန်မာကျပ်ငွေ

(ဂ) **MAINTENANCE** – (၅)ဦး
- အသက် – အသက်(၃၅)နှစ်အောက်ဖြစ်ရမည်
- ပညာအရည်အချင်း – A.G.T.I (Mechanical/Electrical)
- အခြေခံလစာ – တစ်လလျှင် S$ (၈၀၀)
- ဝန်ဆောင်ခ – S$(၂၄၀၀)နှင့် ညီမျှသောမြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၂၉-၉-၂၀၀၄ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

ကော်ဖီနှင့် မြိတ်အစားအစာများ

Tin - Are Restaurant

သင်အာ

No. 309, Kyone Gyi Street, Between Wardan Street and 4th Street, Yangon, Myanmar. Tel : 221854

နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

❊ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

❊ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုန်ဆင်မြန်း၊ ရွှေသက်န်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဇေယျအတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်နေ့တွင် ရေစက်ချ ဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိသာဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသက်န်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက် စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဥဏှာတော်	–	၂၄ ပေ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ဘဝပင်မခြား ဘူမိဖဿ မပြတ်သန့်စင် ရွှေစင်သက်န်း လှူဒါန်းပူဇော် နှီးဆော်သတင်း ကောင်းခြင်းဖြာဖြာ

ရွှေဆင်းသွင်သို့ တူအကျိုးပွား၏ မုဒြာမြတ်ကို ရောင်ဝါလွင်သော ဒါနပန်းဖြင့် နိဗ္ဗာန်မျှော်လျက် ပေးဝေနေရင်းသည် ပြည့်စေသော် …

(၁) ရွှေဆိုင်ဌာန	–	ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂) ရွှေအရည်အသွေး	–	ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	–	နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ
(၄) ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၀။

"ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ"

နယ်စပ်စည်ပင်ညွှန်ချုပ် စည်ပင်လုပ်ငန်းများ စစ်ဆေး

မန္တလေး ဩဂုတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့စိမ်းလန်းစိုပြည်သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများအား သွားရောက်စစ်ဆေးသည်။

ရွှေဦးစွာ ပျော်ဘွယ်မြို့သို့ ရောက်ရှိပြီး မြို့တွင်းလမ်းမကြီး တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုအား ကြည့်ရှုစစ်ဆေးပြီး ပန်းအလှပင်များစိုက်ပျိုးပေးသည်။ ၎င်းနောက် မြို့တွင်း လမ်းမကြီးတစ်လျှောက် စကြံနှင့် ကတ်တုံးများ ပြုလုပ်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် မိတ္ထီလာမြို့သို့ ရောက်ရှိပြီး မိတ္ထီလာကန်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေသည့် ရေစက်ရုံအမှတ် (၁)အား စစ်ဆေးသည်။ ဆက်လက်၍ မဟာစည်တိုးချဲ့ ကွက်သစ်ရှိ မိတ္ထီလာမြို့ မြေအောက်ရေဖြင့် မြို့ရေပေးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လက်ရှိကန်ရေအား စနစ်တကျသန့်စင်ပြီး မြေအောက်ရေနှင့် ပေါင်းစပ်ကာ မြို့လူထုရေဖူလုံစွာ ပေးဝေနိုင်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် စီမံကိန်းနယ်မြေအတွင်း စက်ရေတွင်းများ တူးဖော်နေမှုနှင့် ရေစုကန်တည်ဆောက်ရန် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့သို့ ရောက်ရှိလာပြီး ပြည်လုံးနိုင် ရပ်ကွက် (၁၇)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအားကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းနောက် မင်းရဲမြောင်းကူးသံကူကွန်ကရစ် တံတားတည်ဆောက်နေမှုအား သွားရောက်စစ်ဆေးသည်။ ထိုမှတစ်ဆင့် ရုံးကြီးလမ်းတစ်လျှောက် အထက(၁)ကျောင်းရှေ့ အကျယ် သုံးပေ၊ အရှည်ပေ၂၅၀၀ ရှိ စကြံလမ်း ကျောက်ပြားခင်းခြင်း၊ ကတ်တုံးပြုလုပ်ခြင်း၊ ပန်းအလှပင် မြက်ခင်းပြုလုပ်ခြင်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(နယ်စပ်စည်ပင်)**

စာကြည့်တိုက်ပညာလုပ်ငန်းခွင် ဆင့်ပွားသင်တန်းဖွင့်

မုံရွာ ဩဂုတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မုံရွာခရိုင်က ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၀၄ ဖွင့်ပွဲ အခမ်းအနားကို မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်မြ၊ မုံရွာမြို့နယ် ဥက္ကဋ္ဌ ဦးတင်အုန်း၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိ ဦးတင်သန်းဝင်း၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းမြင့်၊ သင်တန်းနည်းပြများနှင့် မုံရွာမြို့နယ် ရပ်ကွက်နှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မုံရွာခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(ဝဲပုံ)** ထို့နောက် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်သန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၅၀ မှသင်တန်းသား ၄၂ဦး၊ သင်တန်းသူ ၂၀ဦး စုစုပေါင်း သင်တန်းသား ၆၂ဦး တက်ရောက်ပြီး သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ပို့ချခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပခုက္ကူဆရာတော် တရားပွဲများ ကျင်းပမည်

မြိုင် ဩဂုတ် ၃၀

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာသာသနာပြု ပခုက္ကူဆရာတော် ဘဒ္ဒန္တသုဒ္ဒရ အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မြိုင်မြို့ စိန်ပန်းမိုးကုတ်ရိပ်သာ၌ ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်မှ ၆ ရက်ထိ၊ ပခုက္ကူမြို့နယ် ကန်တော်ဒေသတွင် ဝါခေါင်လပြည့်ကျော် ၆ ရက်မှ ၁၀ ရက်ထိ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ၁၂မုခ် အာရုံခံတန်ဆောင်းကြီးတွင် ဝါခေါင်လပြည့်ကျော် ၁၁၊ ၁၂၊ ၁၃ ရက်များနှင့် မန္တလေးမြို့ အိမ်တော်ရာ ဘုရား ၁၄ ခန်းတန်ဆောင်းကြီးတွင် တော်သလင်းလဆန်း ၁ ရက်မှ ၇ ရက်ထိ တရားတော်များကို ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပုဏ္ဏားကျွန်း၌ မူလတန်းလွန်ကျောင်းဖွင့်

စစ်တွေ ဩဂုတ် ၂၆

ပုဏ္ဏားကျွန်းမြို့နယ် အထုပ်သည်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ ကွန်းတောင်အလက ကျောင်းအုပ်ဆရာမကြီး ဒေါ်မလှမေ၊ မူလတန်း ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြပြီး မြို့နယ် ဥက္ကဋ္ဌက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်မှ အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းက ပညာရေးဆိုင်ရာလုပ်ငန်း ကိစ္စရပ်များကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမောင်သိန်းအောင်က ကျောင်းတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၂၆၄)**

ရိပ်သာတည်ဆောက်ရန် ငွေလှူဒါန်း

ဂန့်ဂေါ ဩဂုတ် ၂၂

မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကန်သာရွာ ကျုံးဖြတ်တောင်ရှိ မဟာဗောဓိရိပ်သာကြီး ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ အဘိဓဇမဟာရဋ္ဌဂုရု မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ငွေကျပ် ၁၇၅၀၀၀၊ ဗဟုဇနဟိတရေ မဟာဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ နိုင်ငံကျော်ဓမ္မကထိက ဖြူးဆရာတော်က ငွေကျပ် ၂၅၀၀၀နှင့် မောင်နိုင်လင်းထွန်း (ကျောက်ဆည်)က လှူဒါန်းငွေကျပ် ၅၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၅၀၀၀ ကို လှူဒါန်းရာ ဆရာတော်ကြီးများကိုယ်စား ယောဂီ ဒေါ်နီမြနှင့် ဒေါ်အေးဝင်းတို့က ကမ္မဋ္ဌာနာစရိယ ဆရာတော်၏ ဝေယျာဝစ္စကာရက ဦးစံသိုင်းထံ ပေးအပ်လှူဒါန်းကြသည်။ **(က–ပ)**

မြို့နယ်သတင်းများ

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဌာနဝန်ထမ်းများ ဇူလိုင်၂၈ရက်က လမ်းဘေး ဝဲ–ယာတွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ဦးဆောင်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင် အရာရှိ ဒုဦးစီးမှူး(အခွန်) ဒေါ်စန်းစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးမျိုးတို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဩဂုတ် ၁၇ရက်က မြို့မချေး ရေကန်ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျွမ်းကျင်မှုဆင့်ပွား ပညာပေးသင်တန်းဖွင့်

စစ်တောင်း ဩဂုတ် ၁၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ၏ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင် ပေးသွင်းသည့် ကုန်ကြမ်းများ၏ အရည်အသွေး ကောင်းမွန်စေရန်နှင့် ထုတ်လုပ်သည့် ကုန်ချောများ၏ အရည်အသွေးစံချိန်မီစေရန် ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်မှု ဆင့်ပွားပညာပေး သင်တန်းဖွင့်ပွဲကို စက်ရုံအစည်းအဝေးခန်းမတွင် ဩဂုတ် ၁၆ ရက်က ကျင်းပရာ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေး တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံမှ ဌာနကြီးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ ၂၉ ရက်ထိဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ၂၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

ပို့ဆောင်ရေးစီမံကိန်းရုံး

ပန္နက်တင်

တာချီလိတ် ဩဂုတ် ၂၉

တာချီလိတ်မြို့၊ တောင်လိတ်အုပ်စု၊ စက်မှုလက်မှု ရပ်ကွက်တွင် ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနရုံး ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ အတွင်းရေးမှူးဗိုလ်မှူးမင်းဇော်၊ ဌာနဆိုင်ရာများနှင့် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက မင်္ဂလာပန္နက် စိုက်ထူပေးသည်။ **(ခရိုင်ပြန်/ဆက်)**

ဝမ်းမြောက်ဝမ်းသာစွာ ချီးကျူးဂုဏ်ပြုခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သဒ္ဓါ၊ စေတနာ၊ မေတ္တာတို့ကို အရင်းခံ၍ ကုသိုလ်ဖြစ် လုပ်အားဒါနပြုနေသော စေတနာ့ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးနော်မန်လု M.B.,B.S,F.R.C.S(LOND), F.R.C.S(EDIN), F.I.C.S သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဦးဆောင်၍ ၂၅–၈–၂၀၀၄ ရက်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည့်အတွက် **ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးနော်မန်လု** အား ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာဖြင့် ချီးကျူး ဂုဏ်ပြုအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး။

ကျေးဇူးတင်ရှိခြင်း

Sai Sai Live ကို အားပေးကြတဲ့ ပရိသတ်ကြီး၊
Blazon မှာ သည်းခံပြီး တိုးဝှေ့အားပေးခဲ့တဲ့ ပရိသတ်ကြီး၊
အလွန်အမင်းပင်ပန်းခဲ့ရတဲ့ ပရိသတ်ကြီး၊
Sai Sai ကို နားလည်ခွင့်လွှတ်ပေးတဲ့ ပရိသတ်ကြီး၊
ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

လေးစားလျက်–
စိုင်းစိုင်းခမ်းလှိုင်။



နိကာယ်ငါးရပ်စာ‌ေလျှာက်မေးပွဲ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊တိပိဋကဓရ (D.LITT) (Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၊ ဦးစီးစီမံ ဆောင်ရွက်တော်မူလျက်ရှိသော နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ အကြိမ်(၃၀)မြောက် နိကာယ် စာ‌ေလျှာက်မေးပွဲများကို ၁၃၆၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် (အမျိုးသားနေ့) ၆–၁၂–၂၀၀၄ မှစ၍ ခြောက်ရက်တိုင်တိုင် အောက်ပါနေရာတွင် ကျင်းပပါမည်။ ဖြေဆိုကြမည့် ပုဂ္ဂိုလ်များ အသင်းတိုက်တွင် ဝင်ခွင့်ပုံစံများ တောင်းယူ၍ ၁၃၆၆ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၈–၁၀–၂၀၀၄)နေ့ကို နောက်ဆုံးထားပြီး အောက်ဖော်ပြပါ လိပ်စာသို့ပေးပို့ကြရန် လျှောက်ထားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပဥ္စနိကာယသာသနာ့ဗိမာန်တော်
ကန်ဘဲ့ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးတင်ရှိကြောင်း

မြန်မာနိုင်ငံတွင် ပထမဆုံးအသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဆောင်ရွက်ရာတွင် အရေးအကြီးဆုံး အထောက်အကူဖြစ်သည့် သွေးနှင့်သွေးပစ္စည်းများ ပံ့ပိုးမှုကို အောင်မြင်အောင် ဆောင်ရွက်ပေးသော သွေးလှူရှင်စည်းရုံးသူများနှင့် သွေးလှူရှင်များအား အထူးလေးစားကျေးဇူးတင်ရှိပါကြောင်း။

အမျိုးသားသွေးဌာန
ကျန်းမာရေးဦးစီးဌာန။

ချိပ်ပိတ်တင်ဒါ ကြော်ငြာ

